# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# (၂၄-၂-၂၀၂၀ ) (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် အခြားအရင်းအမြစ်များ တင်ပြတောင်းခံရန်နှင့် ပြည်ထောင်စုအစိုးရက ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ကချင်ပြည်နယ်တရားလွှတ်တော် အဆောက်အဦအသစ် သီးခြားဆောက်လုပ်နိုင်ရန် မြေနေရာ ရရှိရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ပိုင် မြေကွက်အား ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ဝန်းသိုမြို့နယ်၊ တောင်ကုန်း ကျေးရွာအုပ်စု၊ ကျောက်ပါးစပ်ကျေးရွာအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ သီးဆင်အုပ်စု၊ ဝေဠုဝန်စခန်းကို ဒေသခံပြည်သူများ၏ အခေါ်အဝေါ်နှင့် ကိုက်ညီသော ဗားလုံ (Valung) ကျေးရွာအဖြစ် ပြောင်းလဲပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ပြည်သူများလျှပ်စစ်သုံးစွဲမှု ပိုမိုကောင်းမွန်စေရန်၊ ဝန်ဆောင်မှုများ အဆင်ပြေစေရန်၊ ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေရန်နှင့် အလေအလွင့်မဖြစ်စေရန် အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး YESC (ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်း), MESC (မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေး ကော်ပိုရေးရှင်း), ESE တို့အား ပြုပြင်ပြောင်းလဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်စိုး၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **ဝမ်းတွင်းမြို့နယ်၊ (၆) ရပ်ကွက် အတွင်း လိုအပ်နေသည့် (၄၀၀) ဗို့အားလိုင်းနှင့် ကွန်ကရစ်တိုင်များအား မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်းနှင့် သဲတော-ဝမ်းတွင်း အမှတ်(၁) လမ်းမဘေးမှ မီးတိုင်၊ ထရန်စဖော်မာများ ပြောင်းရွှေ့နိုင်မည့် အချိန်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **ဖားဆောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လစ်လပ်နေသော လျှပ်စစ်ဝန်ထမ်းများအား အမြန်ဆုံးခန့်အပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများလျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လက်ဆည်ကျေးရွာနှင့် ညောင်နီချောင်းကျေးရွာတို့တွင် (၆၆/၁၁ KVA) (5 MVA) ဓာတ်အားခွဲရုံ (၂) ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။